# ဆလိုဗက်ကီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း လေ့လာတင်ပြခြင်း

## ၁။ ဆလိုဗက်ကီးယားနိုင်ငံအကြောင်း

ဆယ်ဗစ်လူမျိုးတို့သည် ဟန်ဂေရီတို့၏အုပ်ချုပ်မှုအောက်တွင် သီးခြားနယ်မြေဒေသအဖြစ် ထောင်စုနှစ်တစ်စုမျှ အခြေချနေထိုင်ခဲ့ကြသည်။ ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေဖွံ့ဖြိုးတိုးတက်မှုသည် ချက်ကိုစလိုဗက်ကီးယား၏ ဖွဲ့စည်းပုံသမိုင်းခေတ်တစ်ခုစီ၏ ဝိသေသလက္ခဏာများ၊ အထူးသဖြင့် အော်စထရီ ပြိုကွဲပြီးနောက် ပထမချက်ကိုစလိုဗက်သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ဆလိုဗက်ကီးယားနိုင်ငံကို ချက်ကိုဆလိုဗက်နိုင်ငံ၏ နယ်မြေအစိတ်အပိုင်းအဖြစ် သဘောတူလက်ခံခဲ့ကြသည်။ ၁၉၉၀ ခုနှစ်တွင် ချက်နှင့် ဆလိုဗက်သမ္မတဖက်ဒရယ်သမ္မတနိုင်ငံအတွင်းရှိဆလိုဗက်သမ္မတနိုင်ငံအဖြစ်ရပ်တည်ခဲ့သည်။ဆလိုဗက်ကီးယားနိုင်ငံသည် ချက်ကိုစလိုဗက်ကီးယား ဖျက်သိမ်းပြီးနောက် လွတ်လပ်သော နိုင်ငံအဖြစ် ထူထောင်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပါလီမန်က အတည်ပြုပြီးသည်နှင့် ဆလိုဗက်ကီးယားနှင့် ချက်သမ္မတနိုင်ငံတို့သည် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နိုင်ငံနှစ်ခု ဖြစ်လာခဲ့ပြီး ဆလိုဗက်သမ္မတနိုင်ငံအဖြစ်တည်ငြိမ်အေးချမ်းစွာရပ်တည်ခဲ့သည်။



ဥရောပတိုက်အလယ်ပိုင်းတွင်တည်ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်သည့် ဆလိုဗက်ကီးယားနိုင်ငံသည် စတုရန်းကီလိုမီတာ ၄၉၀၀၀ ခန့်ကျယ်ဝန်း၍ မြောက်ဘက်တွင် ပိုလန်နိုင်ငံ၊ အရှေ့ဘက်တွင် ယူကရိန်းနိုင်ငံ၊ တောင်ဘက်တွင် ဟန်ဂေရီနိုင်ငံ၊ အနောက်ဘက်တွင် သြစတြီးယားနိုင်ငံ၊ ချက်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မြို့တော်မှာ ဘရာတီဆလာဗာ (Bratislava) မြို့ဖြစ်ပြီး နိုင်ငံ၏လူဦးရေမှာ ၅ သန်းကျော်ရှိပါသည်။၂၀၀၄ ခုနှစ်တွင် မြောက်အတ္တလန္တိတ်စာချုပ် (NATO) အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဆလိုဗက်ကီးယားနိုင်ငံသည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဇန်နဝါရီ ၁ ရက်၊ ၂၀၀၉ ခုနှစ်ကတည်းက ဆလိုဗက်ကီးယားရှိ တရားဝင်ငွေကြေးသည် ယူရိုဖြစ်သည်။

ကျင့်သုံးသည့် ဥပဒေစနစ်မှာ Civil law system ဖြစ်ပါသည်။ ဆလိုဗက်ကီးယားနိုင်ငံသည် တစ်ပြည်ထောင်စနစ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှစ်ခု ခွဲထားပါသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကွန်မြူနစ်ကာလအတွင်း ဆိုရှယ်လစ် ဥပဒေရေးရာ အတွေးအခေါ် လွှမ်းမိုးမှု ခံခဲ့ရပါသည်။

ဆလိုဗက်ကီးယားနိုင်ငံသည် သမ္မတဦးဆောင်သည့် ပါလီမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ (parliamentary democratic republic ) ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ လွှတ်တော်တစ်ရပ်ပါဝင်သော ဥပဒေပြုအဖွဲ့၊ တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ပါဝင်သည့် တရားစီရင်ရေးအဖွဲ့တို့ ပါဝင်သည်။

## ၂။ အုပ်ချုပ်ရေးကဏ္ဍ (The Executive)

ဆလိုဗက်ကီးယားနိုင်ငံတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်၍ လက်နက်ကိုင် တပ်ဖွဲ့၏ ဦးစီးချုပ်လည်းဖြစ်သည်။ နိုင်ငံတော်သမ္မတကို ရာထူးသက်တမ်း ၅ နှစ်အတွက် မဲပေးပိုင်ခွင့်ရှိသူများ၏ များရာဆန္ဒမဲဖြင့်ရွေးချယ်သည်။ကိုယ်စားလှယ်လောင်း (သမ္မတလောင်း) တစ်ဦးဖြစ်ရန် နိုင်ငံသား ၁၅၀၀၀ ဦးရေက လက်မှတ်ရေးထိုးထားသည့် တင်သွင်းလွှာပေါ်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက အဆိုတင်သွင်းရသည်။ အနည်းဆုံး

အသက် ၄၀ နှစ်ပြည့်သူတိုင်းသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံပိုင်ခွင့် ရှိသော်လည်း တစ်ဆက်တည်း ရာထူးသက်တမ်း ၂ ကြိမ်ထက်ပို၍ ရွေးချယ်ခံပိုင်ခွင့်မရှိပေ။

ထို့ပြင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအာဏာတွင် အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးနိုင်သကဲ့သို့ ရာထူးမှလည်း ဖယ်ရှားနိုင်သည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား ဝန်ကြီးချုပ်၏ အဆိုပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေး၍ ရာထူးမှလည်း ဖယ်ရှားနိုင်သည်။ အစိုးရအဖွဲ့သည် ၎င်း၏လုပ်ငန်း တာဝန်များအတွက် အမျိုးသားကောင်စီကို တာဝန်ခံရသည်။

## ၃။ ဥပဒေပြုကဏ္ဍ (The Legislature)

ဆလိုဗက်ကီးယားနိုင်ငံသည် လွှတ်တော်တစ်ရပ်တည်းဖြင့် ဥပဒေပြုခြင်းဖြစ်သည့် အမျိုးသားကောင်စီ (National Council) ကို လွှတ်တော်ကိုယ်စားလှယ် ၁၅၀ ဦးဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ၄ နှစ်သက်တမ်းအတွက် ပြည်သူများက တိုက်ရိုက် အညီအမျှ လျှို့ဝှက်မဲပေး၍ ရွေးချယ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ဥပဒေဖြင့် ပြဋ္ဌာန်းထား သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အရည်အချင်းမှာ ဆလိုဗက်ကီးယားနိုင်ငံသားတစ်ဦး ဖြစ်ရမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူဖြစ်ရမည်။ အနည်းဆုံးအသက် ၂၁ နှစ်ပြည့်ပြီးသူ၊ နိုင်ငံအတွင်း နေထိုင်သူလည်း ဖြစ်ရမည်ဖြစ်သည်။ အစိုးရအဖွဲ့တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥပဒေပြုရေး ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပေ။

## ၄။ တရားစီရင်ရေးကဏ္ဍ (The Judiciary)

ဆလိုဗက်ကီးယားတရားရုံးများတွင် တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ ပါဝင်သည်။ တရားလွှတ်တော်ချုပ်နှင့် အခြားတရားရုံးများ၏ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်၊ အဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် သတ်မှတ် ပေးထား

သည်။ တရားလွှတ်တော်ချုပ်နှင့် အခြားတရားရုံးများသည် တရားမ၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်သည်။ နိုင်ငံတော်သမ္မတက တရားသူကြီးများကိုခန့်အပ်ပါသည်။

## ၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၆၀ ပြည့်နှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအတွင်းရှိ ချက်နှင့် ဆလိုဗက် လူမျိုးတို့အတွက် ကွန်မြူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ရာ ဆလိုဗက်နယ်မြေတွင် ဆလိုဗက်အမျိုးသားကောင်စီသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့တွင် အမြင့်ဆုံးသော အာဏာပိုင် အဖွဲ့ဖြစ်လာခဲ့သည်။ ဆလိုဗက်အမျိုးသားကောင်စီသည် လွတ်လပ်သည့် ဆလိုဗက် သမ္မတနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့ အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလတွင် ၁ရက်နေ့မှစတင်၍ အာဏာတည်ခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၁ ခုနှစ်တွင် ပြင်ဆင်မှုများပြုလုပ်ခြင်းဖြင့် မြောက်အတ္တလန္တိတ်စာချုပ် (NATO) အဖွဲ့ဝင် နိုင်ငံအဖြစ်လည်းကောင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အဖြစ်လည်းကောင်း ဝင်ရောက်နိုင်ခဲ့သည်။

ဆလိုဗက်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် အခြားသော ဥရောပ နိုင်ငံများရှိ ပါလီမန်သမ္မတစနစ်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ အချက်များအပြင် လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အချက်များလည်း ပါဝင်သည်။

ဆလိုဗက်ကီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနေ့ကို သတ်မှတ်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနေ့သည် ဆလိုဗက်ကီးယားနိုင်ငံရှိ အများပြည်သူအားလပ်ရက်ဖြစ်ပြီး နှစ်စဉ် စက်တင်ဘာလ ၁ ရက်နေ့တွင် အမြဲကျင်းပလေ့ရှိပါသည်။ ဆလိုဗက်ကီးယားနိုင်ငံတွင် အဆိုပါ အားလပ်ရက်အား 'Deň Ústavy Slovenskej republiky' ဟုခေါ်ပြီး ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဆလိုဗက်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းသည့် အထိမ်းအမှတ် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနေ့သည် ဆလိုဗက်ကီးယားနိုင်ငံ၏ အမျိုးသားနေ့ ဖြစ်သည်။

## ၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ( Constitutional Court )

ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ကိစ္စရပ်များကို အကာအကွယ်ပေးရန် လွတ်လပ်သည့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ပထမဆုံးတရားသူကြီးများကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် Kosice မြို့တွင် ရုံးထိုင်ပါသည်။




**ဆလိုဗက်ကီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဆောက်အဦ**

## ၇။ တရားရုံးဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များအားရွေးချယ်ခန့်အပ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၁၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ရာထူးသက်တမ်းမှာ ၁၂ နှစ် ဖြစ်ပါသည်။ ပါလီမန် (အမျိုးသားကောင်စီ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများအဖြစ် ခန့်အပ်နိုင်ရန်အတွက် လိုအပ်သော တရားသူကြီးများအရေအတွက်၏ ၂ ဆ ပမာဏရှိသော တရားသူကြီးများ၏ အမည်စာရင်းကိုအဆိုပြု၍ နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ၏ အရည်

အချင်းများမှာ အနည်းဆုံး အသက် ၄၀ နှစ်ပြည့်ပြီးသည့် ဆလိုဗက်ကီးယားနိုင်ငံသား၊ ဥပဒေဘွဲ့ ရရှိသူ၊ ဥပဒေပညာဖြင့်အသက်မွေးမှု အနည်းဆုံး ၁၅ နှစ်ရှိသူ ဖြစ်ရမည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားသူကြီးများအနက်မှ ရွေးချယ်ခန့်အပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး တရားသူကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များ ကဲ့သို့ တူညီသော လွတ်ငြိမ်းချမ်းသာခွင့်ကို ခံစားနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သဘောတူညီချက် ဖြင့်သာ တရားစွဲပြီး အချုပ်အနှောင်ခံခွင့်ရှိသည်။

## ၈။ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆုံးဖြတ် နိုင်သည်-

(က) ဥပဒေအရ အတည်ပြုချမှတ်ထားသော ဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများနှင့် အမျိုးသားကောင်စီက သဘောတူချုပ်ဆိုထားသည့် အပြည်ပြည် ဆိုင်ရာ စာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ၊

(ခ) အစိုးရဝန်ကြီးများနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာဗဟိုအဖွဲ့အစည်းများက ထုတ်ပြန် သည့် အမိန့်များနှင့် ဥပဒေဆိုင်ရာစည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆၈ အရ ထုတ်ပြန်ထားသည့် အမိန့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ၊

(ဃ) ဒေသတွင်း ပြည်နယ်အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းများက ထုတ်ပြန်သည့် ဥပဒေဆိုင်ရာ စည်းမျဉ်းများ သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ၊

(င) ဆန္ဒခံယူပွဲများ၏ ရလာဒ်များနှင့်စပ်လျဉ်း၍ တိုင်ကြားချက်များ၊

(စ) ပြည်နယ်အုပ်ချုပ်မှုဆိုင်ရာ ဗဟိုအဖွဲ့အစည်းများကြား ဖြစ်ပွားသည့် အငြင်းပွားမှုများ၊

(ဆ) စာရင်းစစ်ချုပ်ရုံး၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများ၊

(ဇ) လူတစ်ဦးချင်းစီက ၎င်းတို့၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများ ချိုးဖောက်ခံရခြင်းအတွက် တိုင်ကြားမှုများ၊

(ဈ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ၏ ကိစ္စရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ သို့မဟုတ် ဥပဒေမဲ့ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်မညီသော သို့မဟုတ် ဥပဒေမဲ့ ဆုံးဖြတ်ချက်များ နှင့် စပ်လျဉ်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖွဲ့အစည်းများက တင်သွင်းသည့် ကိစ္စရပ်များ၊

(ည) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များအပေါ် တင်သွင်းလာသည့် ကိစ္စရပ်များ၊

(ဋ) အမျိုးသားကောင်စီက ထုတ်ပြန်သည့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဆိုင်ရာဥပဒေများနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(ဌ) အငြင်းပွားဖွယ်ရာကိစ္စရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးခြင်း၊

(ဍ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အစည်းများနှင့် အမျိုးသားကောင်စီက ကျင်းပသည့် ရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(ဎ) သမ္မတက ပြည်သူ့မဲပေးမှုရလာဒ်နှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်ရန် တင်သွင်းလာသည့် ကိစ္စရပ်များ၊

(ဏ) နိုင်ငံရေးပါတီများ၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်ဆဲရန် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

(တ) အမျိုးသားကောင်စီက တင်သွင်းသည့် နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ သမ္မတအပေါ် စွဲဆိုထားသည့် စွပ်စွဲချက်များ၊ သမ္မတအား ရာထူးမှ နုတ်ပယ်ခြင်းကိစ္စများ၊

(ထ) နိုင်ငံအရေးအပေါ်အခြေအနေနှင့် ဥပဒေများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် အမိန့်များနှင့် ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ၊

(ဒ) တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ထားသည့် ကိစ္စရပ်အပေါ် တိုင်တန်းမှုများတို့ ဖြစ်ပါသည်။

## ၉။ အမှုတင်သွင်းခွင့်ရှိသူများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ အမှုတင်သွင်းနိုင်သူများမှာ –

(က) အစိုးရအဖွဲ့အစည်းများ၊

(ခ) လွှတ်တော်ကိုယ်စားလှယ်အားလုံး၏အနည်းဆုံးငါးပုံတစ်ပုံသော ကိုယ်စားလှယ်များ၊

(ဂ) နိုင်ငံတော်သမ္မတ ၊

(ဃ) တရားရုံးများ၊

(င) တရားစီရင်ရေးကောင်စီဥက္ကဋ္ဌ၊

(စ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊

(ဆ) စာရင်းစစ်ချုပ်ရုံး၊

(ဇ) အခွင့်အရေးချိုးဖောက်ခြင်းခံရသူ နိုင်ငံသားတစ်ဦးချင်းစီ တို့ဖြစ်ပါသည်။

## ၁၀။ ဆုံးဖြတ်ချက်ချမှတ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ၎င်း၏ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် မျက်နှာစုံညီအစည်းအဝေး (Plenary Session) နှင့် တရားသူကြီးများအဖွဲ့ (Panels of judges) များဖြင့် ဆုံးဖြတ်ချက်ချမှတ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး မျက်နှာစုံညီအစည်းအဝေး(Plenary Session)က ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်များမှာ -

- နိုင်ငံတော်သမ္မတနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊
- အပြည်ပြည်ဆိုင်ရာ စာချုပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊
- ရွေးကောက်ပွဲ ကိစ္စရပ်များ၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော သို့မဟုတ် ဥပဒေမဲ့ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊
- ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ ရွေးကောက်ပွဲကိစ္စရပ်များ၊
- နိုင်ငံပါတီများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊
- အရေးပေါ်ကာလ ဆိုင်ရာကိစ္စရပ်များ၊
- တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် တိုင်ကြားချက်များ၊
- လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် ကိစ္စရပ်များ၊
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရမည့် ကိစ္စရပ်များ၊
- တရားသူကြီးအဖွဲ့က တင်ပြသည့် ဥပဒေရေးရာ သဘောထား အမြင်များ၊
- ၎င်းတို့၏ ဒေသတွင်းဆက်ဆံရေး ကိစ္စရပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဘဏ္ဍာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်တို့ ဖြစ်ပါသည်။

ထိုသို့ ဆုံးဖြတ်ရာတွင် တရားသူကြီးများ အားလုံး ပါဝင်တက်ရောက်၍ လျှို့ဝှက်မဲပေးဆုံးဖြတ်ရမည်ဖြစ်ပြီး တရားသူကြီးများအားလုံး တက်ရောက်နိုင်ခြင်းမရှိပါက အမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆိုင်းငံ့ထားရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မျက်နှာစုံညီအစည်းအဝေး (Plenary Session) ဖြင့် ဆုံးဖြတ်ရသည့် ကိစ္စများမှအပ ကျန်ကိစ္စရပ်များကို တရားသူကြီးသုံးဦး ပါရှိသည့် အဖွဲ့ (Panels of judges)ဖြင့် ဆုံးဖြတ်ပြီး ၎င်းတရားသူကြီး သုံးဦးအနက် တစ်ဦးက တရားသူကြီး အဖွဲ့၏ သဘာပတိအဖြစ် ဆောင်ရွက်ပါသည်။ ယင်းတရားသူကြီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ အဖွဲ့ဝင်များကို ကိုယ်စားပြုမှုတို့ကို မျက်နှာစုံညီ အစည်းအဝေး (Plenary Session) ဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ တရားသူကြီးအဖွဲ့ တစ်ဖွဲ့ချင်းစီ၏ သဘာပတိများသည် တရားသူကြီးအဖွဲ့၏ အစည်းအဝေး ကျင်းပရန်ခေါ်ယူနိုင်ပြီး ၎င်းတို့ ဆောင်ရွက်မည့် အစီအစဉ်များကို အဆုံးအဖြတ်ပေးခြင်းနှင့် ဆွေးနွေးချက်များအပေါ် ကြီးကြပ်မှုတို့ကို ဆောင်ရွက်ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏တရားသူကြီးအဖွဲ့သည် ကိစ္စရပ်များကို ဆုံးဖြတ်သည့်အခါ အဖွဲ့ဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ပါသည်။

**၁၁။ တရားသူကြီးများအဖြစ်မှ ရပ်စဲခြင်း**

အောက်ဖော်ပြပါအခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ အဖြစ်မှ ရပ်စဲနိုင်သည်-

(က) တာဝန်ထမ်းဆောင်သည့် သက်တမ်းကုန်ဆုံးခြင်း၊

(ခ) တာဝန်မှအနားယူခြင်း၊

(ဂ) ရာထူးမှရပ်စဲခံရခြင်း၊

(ဃ) ကွယ်လွန်ခြင်း တို့ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးတစ်ဦးသည် ဥက္ကဋ္ဌထံ အဆိုပြုချက် ရေးသားတင်ပြ၍ရာထူးမှနုတ်ထွက်နိုင်သည်။ တရားရုံးတရားသူကြီးတစ်ဦးဦးသည် ၎င်း၏ရာထူး သက်တမ်း မကုန်ဆုံးမီ အထက်ပါကိစ္စရပ်တစ်ခုခုကြောင့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံးလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကောင်စီမှအဆိုပြုထားသည့် ကိုယ်စားလှယ်လောင်း(၂) ဦး အနက်မှတစ်ဦးအား တရားသူကြီးအဖြစ်ရွေးချယ်ခန့်အပ်နိုင်သည်။

## ၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအမိပတိရုံးဌာန (Chancellery of the Constitutional Court ) နှင့် တရားရုံးအကြံပေးပုဂ္ဂိုလ်များ (Court advisors)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအမိပတိရုံးဌာနသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး၏ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းတာဝန်များ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းဖွဲ့စည်းပုံများနှင့် ဆက်စပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းနှင့် အထောက်အကူပေးခြင်းစသည့် ကိစ္စရပ်များကို အဓိကဆောင်ရွက် ပေးရသည့် ဌာနဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအမိပတိရုံးဌာနသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် လည်ပတ်နေသော ဌာနတစ်ခု ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အမိပတိရုံးဌာန၏ အကြီးအကဲကို ဥက္ကဋ္ဌက ခန့်အပ်ခြင်းနှင့် ရာထူးမှ ထုတ်ပယ်ခြင်းများကိုဆောင်ရွက်နိုင်ပြီး ၎င်းသည်ဥက္ကဋ္ဌအား တာဝန်ခံရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး အမိပတိရုံးဌာန အကြီးအကဲ၏ လစာငွေကို သတ်မှတ်ပေးရပြီး သီးခြားစည်းကမ်းချက်များကိုလည်း ပြဋ္ဌာန်းပေးရပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌသည် ၎င်း၏ ရုံးလုပ်ငန်းဆောင်ရွက်မှုနှင့် အခြားလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် စရိတ်စကများ၊ အခကြေးငွေနှုန်းထားများအပေါ် ဆုံးဖြတ်ပေးရပါသည်။

ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် တရားရုံးအကြံပေးပုဂ္ဂိုလ်များလည်းရှိပါသည်။ တရားရုံးအကြံပေးများ ခန့်ထားရာတွင် မဟာဥပဒေဘွဲ့ ရရှိပြီးသူ ၊ ဥပဒေနှင့် အသက်မွေး ဝမ်းကျောင်းမှုပညာတွင် အနည်းဆုံးငါးနှစ် လုပ်ငန်းအတွေ့အကြုံရှိသူ ၊ ရာဇဝတ်မှု ကင်းရှင်းသူ ဖြစ်ရမည်။ ၎င်းအကြံပေးပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအမိပတိ ရုံးဌာန၏ ဝန်ထမ်းများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အမိပတိရုံးဌာနနှင့်စာချုပ်ချုပ်ဆို၍တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပါသည်။ ယင်းအကြံပေးပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများက ပေးအပ်လာသည့် တာဝန်များအား ဆောင်ရွက်ရပြီး ဆုံးဖြတ်ချက်မူကြမ်းများ ပြင်ဆင်ပေးခြင်း ၊ ဆုံးဖြတ်ချက်

ချမှတ်ရန်အတွက် အမှု နောက်ခံအကြောင်းအရာများကို ပြင်ဆင်ပေးရခြင်းနှင့် အခြားပေးအပ်လာသည့် အထူးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါသည်။ တရားရုံးအကြံပေးများသည် တရားစွဲဆိုခြင်း သို့မဟုတ် သက်သေများကို ကြားနာခြင်းများ မဆောင်ရွက်ရ။

**၁၃။ အမှုများတင်သွင်းခြင်းနည်းလမ်း**

တင်သွင်းလွှာများကို ဆလိုဗက်ကီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး သို့ လိပ်မူပြီး စာဖြင့် ရေးသားပေးပို့ရမည်။ စာဖြင့်ရေးသား၍ ဖြစ်စေ အီလက်ထရောနစ်ပုံစံဖြင့် ဖြစ်စေ ပေးပို့နိုင်ပါသည်။ တင်သွင်းလွှာတွင် လျှောက်ထားသူနှင့် ၎င်း၏ ရှေ့နေတို့၏ လက်မှတ် ပါဝင်ရမည်။ e-Governmentဆိုင်ရာ ဥပဒေအရ ခွင့်ပြုချက်မပါဘဲ အီလက်ထရောနစ် ပုံစံဖြင့် တင်သွင်းလာသော တင်သွင်းလွှာများအား စာဖြင့်ရေးသား၍ဖြစ်စေ သို့မဟုတ် e-Government ဆိုင်ရာဥပဒေအရ ခွင့်ပြုချက်ရယူပြီးသော အီလက်ထရောနစ်ပုံစံဖြင့် ဖြစ်စေ (၁၀)ရက်အတွင်း ထပ်မံတင်သွင်းစေရမည်ဖြစ်ပြီး ထိုသို့ ထပ်မံတင်သွင်းခြင်းမရှိပါက ယင်းတင်သွင်းလွှာကို အရေးယူဆောင်ရွက်ခြင်းမပြုရ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ယင်းတင်သွင်းလွှာနှင့်စပ်လျဉ်း၍ နောက်ထပ်တစ်စုံတစ်ရာ ဆောင်ရွက်ပေးမည် မဟုတ်ပေ။ တင်သွင်းလွှာများကို တင်သွင်းရာတွင် လိုအပ်သည့် နောက်ဆက်တွဲများ နှင့် စာရွက်စာတမ်း အရေအတွက်များကို ပြည့်ပြည့်စုံစုံ တင်သွင်းရမည် ဖြစ်ပြီး ၎င်းစာရွက်စာတမ်းများနှင့် နောက်ဆက်တွဲများကို သက်ဆိုင်ရာအမှုသည်များနှင့် အမှုကို ဝင်ရောက်ဆောင်ရွက်ပေးသည့် ပုဂ္ဂိုလ်များထံသို့ မိတ္တူတစ်စုံစီ ပေးရမည်။ တင်သွင်းလာသည့် စာရွက်စာတမ်းနှင့် နောက်ဆက်တွဲများ၏ အရေအတွက် မပြည့်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် လိုအပ်သည့် မိတ္တူ အရေအတွက်ကို ထပ်မံ ကူးယူ၍ ထုတ်ပေးနိုင်ပြီး မိတ္တူထပ်မံ ကူးယူသည့် ကုန်ကျစရိတ်ကို အမှုတင်သွင်းသူက ကျခံရမည်။

ဆလိုဗက်ကီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တိုင်ကြားချက်နှင့် စပ်လျဉ်း၍ တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း မရှိခြင်းနှင့် တိုင်ကြားသူမှ တောင်းဆိုထားသော အခြေခံအခွင့်အရေး (သို့မဟုတ်) လွတ်လပ်မှုများကို ချိုးဖောက်နိုင်ခြေတစ်စုံတစ်ရာ မတွေ့ရှိ

သောကြောင့် တိုင်ကြားချက်သည် အခြေအမြစ်မရှိဟု ထင်ရှားပေါ်လွင်ပါက တိုင်ကြားချက်ကို ပလပ်နိုင်သည်။

၁၄။ **လေ့လာတွေ့ရှိချက်**

ဆလိုဗက်ကီးယားနိုင်ငံတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားသူကြီးများအနက်မှ ရွေးချယ်ပါသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ်ရာတွင် နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည် ဖြစ်ပါသည်။

ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တာဝန်နှင့်လုပ်ပိုင် ခွင့်တွင် အပြည်ပြည်ဆိုင်ရာ စာချုပ်များ ၊ အစိုးရဝန်ကြီးများနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ ဗဟို အဖွဲ့အစည်းများက ထုတ်ပြန်သည့် အမိန့်များနှင့် ဥပဒေဆိုင်ရာစည်းမျဉ်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ၊ ဆန္ဒခံယူပွဲများ၏ ရလာဒ်များနှင့်စပ်လျဉ်း၍ တိုင်ကြားချက် များ၊ စာရင်းစစ်ချုပ်ရုံး၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများ၊ လူတစ်ဦး ချင်းစီက ၎င်းတို့၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများ ချိုးဖောက်ခံရခြင်းအတွက် တိုင်ကြားမှုများ၊ လွတ်ငြိမ်းချမ်းသာခွင့် ၊ ရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်ခြင်း ရှိ မရှိ ၊ နိုင်ငံရေးပါတီများ၏ ဆောင်ရွက်ချက်များ ပြန်လည်သုံးသပ်ခြင်း၊ သမ္မတ အားရာထူးမှ နုတ်ပယ်ခြင်းကိစ္စရပ်များ၊ နိုင်ငံအရေးပေါ် အခြေအနေတွင် ထုတ်ပြန်ထား သည့် အမိန့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ၊ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ထားသည့် ကိစ္စရပ်များအပေါ် တိုင်တန်းမှုများကို ဆုံးဖြတ်ရပါသည်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များတွင် အထက်ဖော်ပြပါ ကိစ္စရပ်များ ပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးထက် ပိုမိုကျယ်ပြန့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အမှုတင်သွင်းခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းနိုင်သူများတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ စာရင်းစစ်ချုပ်ရုံး၊ အခွင့်အရေးချိုးဖောက်ခြင်းခံရသူ နိုင်ငံသားတစ်ဦးချင်းစီတို့မှလည်း တင်သွင်းနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ခုံရုံးသို့ အမှုတင်သွင်းနိုင်သည့် ပုဂ္ဂိုလ်များတွင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ တင်သွင်းခွင့် မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ ကာကွယ်ခြင်းနှင့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရသည့် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးများ ဖြစ်ကြပါသည်။ ယင်းတရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များကို သီးသန့် ဆောင်ရွက်ရသည့် တရားရုံးများလည်းဖြစ်ပေသည်။ ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို လေ့လာကြည့်ပါက ဆလိုဗက်ကီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံနှင့်အညီ တည်ထောင်ထားသော အထူးတရားရုံး တစ်ရုံး ဖြစ်ပါသည်။ ဆလိုဗက်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ကိစ္စရပ်များကို အကာအကွယ်ပေးရန် လွတ်လပ်သည့် တရားစီရင်ရေး အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ချိုးဖောက်မှုများအပေါ် တိုင်ကြားလာသည့် တိုင်ကြားချက်များကို ဆုံးဖြတ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လုပ်ပိုင်ခွင့်အာဏာ

နှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်ပေးထားသည့်အတွက် ဆလိုဗက်ကီးယား နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် နိုင်ငံ၏ အရေးကြီးသော ကိစ္စရပ်များကို စီရင်ဆုံးဖြတ်ရသည့် တရားရုံးတစ်ရုံးဖြစ်ပြီး နိုင်ငံ၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။